# လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေ။

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၁။] (၁၉၄၉ ခု၊ ဇွန်လ ၂၃ ရက်။)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်ကြော်ငြာ၍သတ်မှတ်သည့်နေ့ရက်[၁] တွင်အာဏာတည်ရမည်။

(၂) ဤအက်ဥပဒေသည်၊ အာဏာတည်ခြင်းမှရပ်စဲရမည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့်ဆင့်ဆိုသည့် နေ့ရက်တိုင်အောင် အာဏာတည်နေရမည်။

၂။ ။ (၁) တည်ဆဲဖြစ်သော အခြားဥပဒေတခုခုတွင်မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို—

(က) အစိုးရပိုင်၊ သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့် ရှိသူပိုင် အမြောက်နှင့်ဖြစ်စေ၊ အခြားလက်နက်နှင့်ဖြစ်စေ၊ ခဲယမ်းမီးကျောက်နှင့်

---

[၁] ဤအက်ဥပဒေသည် လက်နက်အက်ဥပဒေနှင့်သက်ဆိုင်သော ဒေသများတွင် ၁၉၄၉ ခု၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ အာဏာတည်သည်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၉ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၆၃၉ တွင်ကြည့်။

ဖြစ်စေ စပ်လျဉ်း၍ခိုးမှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ခိုးမှုကျူးလွန်ရန် ကြံစည်အားထုတ်လျှင်သော်၎င်း၊

(ခ) အစိုးရပိုင် အမြောက်ကိုဖြစ်စေ၊ အခြားလက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ၊ ရောင်းချလျှင်၊ သို့တည်းမဟုတ် ရောင်းချရန်ကြံစည် အားထုတ်လျှင်သော်၎င်း၊

(ဂ) ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင်အမြောက်ကိုဖြစ်စေ၊ အခြား လက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ၊ ဥပဒေအရလက်ရှိကိုင် ဆောင်ခွင့် မရှိသောအခြားသူတဦးတယောက်အား ရောင်းချလျှင်၊ သို့တည်းမဟုတ် ရောင်းချရန်ကြံစည် အားထုတ်လျှင်သော်၎င်း၊

(ဃ) အစိုးရပိုင်၊ သို့တည်းမဟုတ် ဥပဒေအရလက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင် အမြောက်ကိုဖြစ်စေ၊ အခြားလက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကို ဖြစ်စေ၊ ဥပဒေအရ လက်ခံရယူပိုင်ခွင့်မရှိသော အခြားသူတဦးတယောက် အားပေးအပ်လျှင်၊ သို့တည်းမဟုတ် ပေးအပ်ရန် ကြံစည်အားထုတ်လျှင် သော်၎င်း၊

ထိုသူကိုသေဒဏ်ဖြစ်စေ၊ တသက်ပတ်လုံးတကျွန်းပို့ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထက်မပိုသောအလုပ်ကြမ်း နှင့်ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ စီရင်ရမည်။

(၂) ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသော ပြစ်မှုကိုကျူးလွန်ရန် အားပေးကူညီသူတဦး တယောက်သည်၊ ထိုပြစ်မှုအတွက်ပြဋ္ဌာန်းထားသောပြစ်ဒဏ်ကိုစီရင်ခြင်းခံရမည်။